BURMESE

METRO NASHVILLE PUBLIC SCHOOLS

Davidson ကောင်တီအတွင်း နေထိုင်သူများအတွက် အခမဲ့ အစီအစဉ်

# Kindergarten Readiness Fair

## Countdown To Kindergarten

**သူငယ်တန်းအပ်နှံခြင်း • ကျောင်းသားကာကွယ်ဆေးများ (အတန်းအားလုံး) • ကျောင်းကားစီးသည့်အတွေ့အကြုံ • ကျောင်းသား ဆေးစစ်ချက်များ ကံစမ်းမဲများ • MNPS နှင့် ကွန်မြူနတီ ပြန်ကြားရေး စားပွဲများ • CAR SEAT ဘေးကင်းမှု စစ်ဆေးခြင်း • စကားပြန်များ ရှိပါမည်**

စနေနေ့ ၊ ဧပြီလ ၆ ရက်

**မနက် ၉ နာရီ - နေ့လည် ၁ နာရီ**

Lentz Public Health Center

**2500 Charlotte Ave Nashville, TN 37209**

ဤ MNPS သူငယ်တန်းအတွက် အဆင်သင့်ဖြစ်ခြင်း ပွဲတော်ဖြင့် ကျောင်းစဖွင့်ရက်အတွက် သင်တို့ကလေးကို စတင်ပြင်ဆင်သွားကြပါ။

## ကျောင်းအပ်ရာ၌ယူလာရမည့်အရာများမှာ -

- မွေးစာရင်း သို့မဟုတ် မွေးဖွါးမှတ်တမ်း (မွေးစာရင်း ကော်ပီများကို ဝယ်ယူပြုလုပ်နိုင်ပါသည်)
- အပ်ဒိတ်ပြုလုပ်ထားသော တင်နင်စီ ကာကွယ်ဆေးမှတ်တမ်း (ပွဲတော်အတွင်း၌လည်း ကော်ပီရရှိနိုင်ပါသည်)
- ဆရာဝန်ဆေးစစ်ချက် သက်သေအထောက်အထား
- Davidson County အတွင်းနေထိုင်ကြောင်း သက်သေ
- မိဘ/အုပ်ထိန်းသူ၏ဓါတ်ပုံပါသော ID




## Lentz Public Health Center မှ ကျောင်းသား ကာကွယ်ဆေးများထိုးပေးပါသည် -

Metro Public Health Dept

အကယ်၍ ပွဲတော်တက်ရောက်ရန်စီစဉ်ထားပြီး ကျောင်းအပ်မည့် သို့မဟုတ် ကာကွယ်ဆေးထိုးရမည့် ကလေး ၃ ဦး သို့မဟုတ် ၄င်းထက် ပိုများခဲ့ပါက နောက်ထပ်အကြောင်းအရာများအတွက် MNPS Early Learning Department သို့ *EarlyLearningPreK@mnps.org* တွင် အီးမေးလ်ပို့ပါ။

ကာကွယ်ဆေးထိုးနိုင်သော မွေးစမှ ၁၈ နှစ်အရွယ်ကလေးများသည် (VFC) Vaccines for Children Program မှတဆင့် အခမဲ့ ဖယ်ဒရယ် ရံပုံငွေဖြင့် ကာကွယ်ဆေးများထိုးယူနိုင်ပါ၏။ မွေးစမှ ၁၈ နှစ်အရွယ်များသည် VFC ကာကွယ်ဆေးများထိုးယူရန် အောက်ပါစံနှုန်းများထဲမှတစ်ခုဖြင့် ပြည့်မီရမည် - TennCare ၊ ကျန်းမာရေးအာမခံမရှိခြင်း၊ အမေရိကန် အင်ဒီယန်း သို့မဟုတ် အလက်စကား ဒေသခံ တိုင်းရင်းသားဖြစ်ခြင်း သို့မဟုတ် ကျန်းမာရေးအာမခံရှိခြင်း

ကာကွယ်ဆေးအတွက် စီမံခန့်ခွဲကြေး $20 ကောက်ခံသွားမှာဖြစ်သော်လည်း ဝင်ငွေအတိုင်း သတ်မှတ်သွားပါမည်။ ပရိုင်းဗိတ် ကျန်းမာရေးအာမခံရှိလျှင် ပရိုင်းဗိတ်ကာကွယ်ဆေးကို ထိုးယူနိုင်ပါသည်။ ငွေ၊ ချက်လက်မှတ် သို့မဟုတ် ခရက်ဒစ်ကတ်ဖြင့် ထိုနေရာတွင် ချက်ချင်း ကောက်ခံသွားပါမည်။ မက်ထရို ကျန်းမာရေး ဌာနမှ CoverKids အတွက် ဘီလ်/ငွေတောင်းခြင်းကို ပြုလုပ်နိုင်သော်လည်း ဤအချိန်၌ ကိုယ်ပိုင်အာမခံအတွက် ငွေတောင်းခံခြင်းကိုပြုလုပ်မှာ မဟုတ်ပါဘူး။ သို့သော် ပြန်ပေးငွေကိုရရှိလိုပါက ကျွန်ုပ်တို့မှ လူနာဝန်ဆောင်မှု လယ်ဂျာစာရင်းစာရွက်ကို စီစဉ်ပေးမည်။ အသက် ၆ လနှင့်အထက်အတွက် COVID ကာကွယ်ဆေးကို အခမဲ့ ရရှိနိုင်ပါမည်။ ယခင်၌ COVID ကာကွယ်ဆေးများထိုးခဲ့ဖူးပါက ကာကွယ်ဆေးကတ်ပြားကို ယူလာပါ။

*ကာကွယ်ဆေးများအတွက်* ***https://www.nashville.gov/departments/health/clinical-health-services/immunizations*** *တွင် လေ့လာနိုင်ပါသည်။*

*နောက်ထပ်အကြောင်းအရာများအတွက်*

**earlylearning.mnps.org**

Metropolitan Nashville Public Schools (MNPS) သည် ၄င်း၏အစီအစဉ်များ၊ဝန်ဆောင်မှုများ သို့မဟုတ် ဆောင်ရွက်မှုများ၌ ဝင်ခွင့်ရရှိရန်၊လုပ်ဆောင်အသုံးပြုရန် သို့မဟုတ် အကောင်အထည်ဖော်ရန်အတွက် လူမျိုး၊ဘာသာ၊အယူဝါဒ၊လိင်၊လိင်သတ်မှတ်မှု၊လိင်စိတ်ခံယူမှု၊ဇာတိနိုင်ငံ၊အသားအရောင်၊အသက်အရွယ် နှင့်/သို့မဟုတ် မသန်စွမ်းမှုကို အခြေခံပြီး ခွဲခြားဆက်ဆံခြင်း မရှိပါဘူး။ MNPS သည် အလုပ်ခန့်အပ်ခြင်း သို့မဟုတ် လုပ်ငန်းပိုင်း ဆောင်ရွက်မှုများ၌လည်း ခွဲခြားဆက်ဆံခြင်း မရှိပါဘူး။ လိုက်လျောမှုများတောင်းဆိုရန်အတွက် သင်တို့ကျောင်းအုပ် သို့မဟုတ် ဌာနမှူးထံ ကျေးဇူးပြု၍ ဆက်သွယ်ပါ။ (နားမကြားသူများနှင့် အကြားအာရုံအားနည်းသူများအတွက် အစီအစဉ်မတိုင်ခင် လေးဆယ့်ရှစ်(၄၈)နာရီ ကြိုတင်ပြီး စကားပြန်တောင်းဆိုရမည်။) Metropolitan Nashville Public Schools ADA Coordinator, ADA@mnps.org သို့ မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုနိုင်ပါသည်။